# သင်၏ခိုလှုံခွင့်လျှောက်လွှာ

## အထွေထွေ ခိုလှုံခွင့် လုပ်ငန်းစဉ်အကြောင်း အချက်အလက်

**ဤစာရွက်စာတန်းကို အဘယ်ကြောင့် သင်ရရှိခဲ့သနည်း။**
နယ်သာလန်တွင် ခိုလှုံခွင့် သင်လျှောက်ထားခဲ့ပါသည်။ ခိုလှုံခွင့် ဆိုသည်မှာ - မိမိနိုင်ငံ၌ မလုံခြုံဘဲ မိမိနိုင်ငံ၌ အကာအကွယ်မရရှိသူများအတွက် အခြားနိုင်ငံတစ်ခုတွင် အကာအကွယ်ပေးခြင်းကို ဆိုလိုပါသည်။

ခိုလှုံခွင့် လျှောက်ထားသည့်အခါတွင် သင်သည် နယ်သာလန်အစိုးရထံ တရားဝင် နေထိုင်ခွင့် တောင်းဆိုခြင်း ဖြစ်ပါသည်။ နယ်သာလန်တွင်နေထိုင်ရန် ဤခွင့်ပြုမိန့်ကို လိုအပ်ပါသည်။ သင်၏ခိုလှုံခွင့် လျှောက်ထားပြီးနောက် ခိုလှုံခွင့်လုပ်ငန်းစဉ် စတင်ပါသည်။ ဤသည်မှာ သင်နေထိုင်ခွင့်ရမရကို နယ်သာလန်အစိုးရက အကဲဖြတ်သည့် တရားရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

ဤလက်ကမ်းစာစောင်တွင် ဤခိုလှုံခွင့်လုပ်ငန်းစဉ်အတွင်း ဘာဖြစ်မည်ကို ဖတ်နိုင်ပါသည်။ သင်လုပ်ဆောင်ရမည့်အရာ (သင်၏တာဝန်များ) နှင့်ဒတ်ချ်အစိုးရထံမှ သင်မျှော်လင့်နိုင်သောအရာ (သင်၏အခွင့်အရေးများ) ကိုလည်းဖတ်ရပါလိမ့်မည်။

# ဘယ်အဖွဲ့အစည်းတွေကို သင်ကြုံတွေ့ရမှာလဲ။

**Centraal Orgaan opvang asielzoekers** (COA) သည် နယ်သာလန်တွင် ခိုလှုံခွင့်တောင်းခံသူများအတွက် ခိုလှုံခွင့်လုပ်ငန်းစဉ်အတွင်း လက်ခံဖြေကြားမှုနှင့်လမ်းညွှန်မှုပေးပါသည်။ COA သည် သင့်အားအစားအသောက်နှင့် ကျန်းမာရေးအာမခံကိုလည်း ပေးမည်ဖြစ်ပါသည်။ COA သည် သင့်ကို ဆရာဝန်နှင့် ပြသနိုင်စေပါသည်။ COA သည် လွတ်လပ်သော အဖွဲ့အစည်းဖြစ်ပြီး သင်၏ခိုလှုံခွင့်လျှောက်ထားမှုအပေါ် မဆုံးဖြတ်ပါ။
www.coa.nl

**GezondheidsZorg Asielzoekers** (GZA) သည်သင်ဖျားနာခြင်း သို့မဟုတ် ဆေးဘက်ဆိုင်ရာ မေးခွန်းများရှိလျှင် သွားရမည့် အဖွဲ့အစည်းဖြစ်ပါသည်။ GZA ကျန်းမာရေးစင်တာသည် COA ဧည့်ကြိုဌာန တစ်ခုစီတွင် သို့မဟုတ် အနီးအနားတွင် ရှိပါသည်။ GZA သည် သင့်အတွက် ဆရာဝန်၏လက်ထောက်၊ သူနာပြု၊ GGZ အလုပ်သင်လက်ထောက် သို့မဟုတ် အထွေထွေရောဂါကုဆရာဝန်နှင့် ချိန်းဆိုမှုများ စီစဉ်ပေးပါသည်။
www.gzasielzoekers.nl

**VluchtelingenWerk Nederland** (VWN) သည် ခိုလှုံခွင့်တောင်းခံသူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုရန် တည်ထောင်ထားသည့် လွတ်လပ်သော လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ VWN သည် ခိုလှုံခွင့်လုပ်ငန်းစဉ်အကြောင်း အသိပေးပြီးရှင်းပြခြင်း၊ လုပ်ငန်းစဉ်တလျှောက်တွင် သတင်းများကို သင်သိရှိနေစေခြင်းနှင့် လိုက်ပါဆောင်ရွက်ပေးခြင်း၊ အခြားအဖွဲ့အစည်းများအကြားတွင် ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပေးပါသည်။ ထို့အပြင် ဤကိစ္စတွင် သင့်ရှေ့နေနှင့် အနီးကပ် လုပ်ဆောင်ပါသည်။ VWN သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုအပေါ် မဆုံးဖြတ်ပါ။
www.vluchtelingenwerk.nl
www.refugeehelp.nl

**Raad voor Rechtsbijstand** (RvR) သည် သင်ကိုယ်တိုင် မတတ်နိုင်ပါက ရှေ့နေထံမှ အကူအညီ ရရှိအောင် ဆောင်ရွက်ပေးပါသည်။ RvR သည် ဤရှေ့နေက သင့်ကိုဤကဲ့သို့ ကူညီပေးခြင်းအတွက် အခကြေးငွေ ပေးပါသည်။ ရှေ့နေကို RvR ကခန့်ထားခြင်း မဟုတ်ပါ။ ရှေ့နေသည် သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ်တွင် သင့်ကိုကူညီပေးသည့် လွတ်လပ်သော တရားရေးဆိုင်ရာ အကူအညီပေးသူ ဖြစ်ပါသည်။
www.rvr.org

**Immigratie- en Naturalisatiedienst** (IND) သည် ဒတ်ချ်တရားရေးနှင့် လုံခြုံရေးဝန်ကြီးဌာန၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ IND သည် နယ်သာလန်တွင် သင်ခိုလှုံခွင့်ရမရကို စစ်ဆေးပါသည်။ ယင်းအတွက်ကြောင့် သင်မည်သူဖြစ်သည်ကို ဝန်ထမ်းများနှင့် ပြောဆိုရခြင်း ဖြစ်ပါသည်။ ထို့အပြင် နယ်သာလန်တွင် ခိုလှုံခွင့်လျှောက်ထားရသည့် အကြောင်းရင်းကို ပြောရပါသည်။ IND သည် သင့်ကိုယ်ရေးဇာတ်လမ်းနှင့် သင့်ဇာတိနိုင်ငံရှိ အခြေအနေများကို စစ်ဆေးပါသည်။ ၎င်းနောက် IND သည် သင်နယ်သာလန်တွင် (ယာယီ) နေနိုင်သည် သို့မဟုတ် မနေနိုင်ဟုဆုံးဖြတ်ပါသည်။
www.ind.nl

IND ၏ အဆောက်အဦးများနှင့် COA ၏ ဧည့်ကြိုစင်တာများတွင် **လုံခြုံရေးအစောင့်များ** ရှိပါသည်။ ယူနီဖောင်းဝတ်ထားခြင်းကြောင့် ၎င်းတို့ကို သင်ခွဲခြားသိမည် ဖြစ်ပါသည်။ သင့်လုံခြုံရေးအတွက် ၎င်းတို့ရှိနေခြင်း ဖြစ်ပါသည်။ အဆောက်အအုံများနှင့် IND နှင့် COA ၏ ပိုင်နက်များတွင် မည်သည်တို့ကို ခွင့်ပြုသည်နှင့် ခွင့်မပြုသည်ကိုလည်း မေးနိုင်ပါသည်။ ဤလုံခြုံရေးအစောင့်များသည် သင့်ခိုလှုံခွင့်လျှောက်ထားမှုကို ဆုံးဖြတ်ချက်အပေါ် သြဇာသက်ရောက်မှုမရှိပါ။

**Dienst Terugkeer en Vertrek** (DT&V) သည် ဒတ်ချ်တရားရေးနှင့်လုံခြုံရေး ဝန်ကြီးဌာန၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး နယ်သာလန်ပြန်ပို့ရေးမူဝါဒကို အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။ သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို IND မှပယ်ချပါက DT&V သည် သင့်မူရင်းနိုင်ငံသို့ ပြန်လာခြင်းနှင့်ပတ်သက်၍ အင်တာဗျူးတစ်ခု ပြုလုပ်မည်ဖြစ်ပါသည်။
www.dienstterugkeerenvertrek.nl

**Internationale Organisatie voor Migratie** (IOM) သည် ကမ္ဘာတစ်ဝှမ်းရှိ ရွှေ့ပြောင်းနေထိုင်သူများကို ပံ့ပိုးပေးသည့် လွတ်လပ်သောအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ နယ်သာလန်မှ လွတ်လပ်စွာ ထွက်ခွာလိုသည့်အခါ IOM က သင့်ကိုကူညီနိုင်ပါသည်။ IOM သည် ပြန်သွားခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ လက်တွေ့ကျသော အချက်အလက်များကိုပေးပြီး နယ်သာလန်မှ သင်၏ထွက်ခွာမှုကို စီစဉ်ရာတွင် လမ်းညွှန်ပေးပါသည်။ ဤကိစ္စတွင် သင့်ကိုကူညီပေးရန် IOM၊ DT&V၊ VWN သို့မဟုတ် သင့်ရှေ့နေထံ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။
www.iom-nederland.nl

ဒတ်ချ်ပြည်သူ့ဥပဒေအရ Nidos သည် အဖော်မပါသော အရွယ်မရောက်သေးသူ နိုင်ငံခြားသားများအတွက် အုပ်ထိန်းမှုပြုလုပ်သည့် တရားဝင်အဖွဲ့အစည်း ဖြစ်ပါသည်။ Nidos သည် မိမိကိုယ်ကိုအားကိုးမှုဆီသို့ ဦးတည်သော လူငယ်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းချုပ်ပြီး ထိုဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်သွားသောအခါတွင် ကြားဝင်ဆောင်ရွက်ပေးပါသည်။ NIDOS မှ ကျွမ်းကျင်ပညာရှင်များသည် ယဉ်ကျေးမှုနောက်ခံကို လေးစားမှုရှိသလို

လူငယ်တစ်ဦးချင်းစီ၏ အကျိုးစီးပွားအပေါ် အာရုံစိုက်ပြီး ပါဝင်ဆောင်ရွက်ပါသည်။ Nidos သည် မိသားစု၏ ဆုံးမသွန်သင်မှု မကောင်းသောကြောင့် COA မှ ညွှန်ကြားခြင်းခံရသော ခိုလှုံခွင့်လက်ခံသည့်ကလေးများအပေါ် ကြီးကြပ်စောင့်ကြည့်မှုကိုလည်း လုပ်ဆောင်ပါသည်။ ထိုအခြေအနေတွင် Nidos သည် မိဘအုပ်ထိန်းမှုအခြေအနေကို ပြန်လည်ထိန်းသိမ်းရန် မိဘများကို ပံ့ပိုးပေးပါသည်။
www.nidos.nl

**Dienst Justitiële Inrichtingen** (DJI) သည် ဒတ်ချ်တရားရေးနှင့် လုံခြုံရေးဝန်ကြီးဌာန၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ အကယ်၍ သင်သည် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် ရှိနေပါက ပိတ်ထားသော အဆောက်အအုံတွင် နေရမည်ဖြစ်ပါသည်။ DJI သည် ဤအဆောက်အအုံကို စီမံခန့်ခွဲပါသည်။ DJI ဝန်ထမ်းများသည် ယူနီဖောင်းများ ဝတ်ဆင်ကြပါသည်။ ပိတ်ထားသောအဆောက်အဦးတွင် သင်နေထိုင်စဉ်အတွင်း ၎င်းတို့ကသင့်ကို ဂရုစိုက်လမ်းညွှန်ပေးပါမည်။
www.dji.nl

## သင့်ထံမှ ဘာကိုမျှော်လင့်ထားလဲ။

လုပ်ငန်းစဉ်အတွင်း နယ်သာလန်တွင် သင်အဘယ်ကြောင့် ကာကွယ်မှု လိုအပ်ကြောင်း ရှင်းလင်းစွာရှင်းပြရန် အရေးကြီးပါသည်။ သင့်တွင်ရှိသော သို့မဟုတ် ရယူနိုင်သော အထောက်အထားများ (ဥပမာ သင့်ဇာတ်လမ်းကို အထောက်အကူဖြစ်စေသည့်စာများ) ကို IND သို့သင်ပြသရန်ကိုလည်း မျှော်လင့်ထားပါသည်။

သင်၏ မှတ်ပုံတင်ခြင်းအင်တာဗျူး မတိုင်မီ သင်သည် စာရွက်စာတမ်းများ ပေးပို့ခြင်းနှင့်ပတ်သက်သည့် လက်ကမ်းစာစောင် တစ်ခုကို IND ထံမှ ရရှိထားပါသည်။ မှတ်ပုံတင်ခြင်း အင်တာဗျူးပြီးနောက် သင်၏ခိုလှုံခွင့်လျှောက်ထားမှုအတွက် အရေးကြီးသော စာရွက်စာတမ်းများကို သင်လက်ခံရရှိပါသလား။ ဤလက်ကမ်းစာစောင်တွင် ၎င်းတို့ကို IND ထံ မည်သို့ပေးရမည်ကို သင်ဖတ်နိုင်ပါသည်။

IND အနေဖြင့် သင့်ကိုယ်ရေးကိုယ်တာ အခြေအနေတွင် ထည့်သွင်းစဉ်းစားသင့်သည့် တစ်စုံတစ်ရာ ရှိပါသလား။ ရှိပါက ၎င်းကို VluchtelingenWerk (VWN) သို့မဟုတ် IND သို့တင်ပြနိုင်ပါသည်။ ထို့နောက် IND သည် ဥပမာအားဖြင့် အင်တာဗျူးများအတွင်း သို့မဟုတ် COA ရှိ ညွှန်ကြားစင်တာတွင် လုပ်ဆောင်ဖွယ်ရာများကို ပြုလုပ်နိုင်ပါသည်။ IND သည် သင့်အား ဖြစ်နိုင်သမျှအကောင်းဆုံး ပံ့ပိုးကူညီမှုပေးရန် ကြိုးစားပါသည်။

## သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ်အတွက် ပြင်ဆင်နေပါသလား။

အနားယူချိန်နှင့်ပြင်ဆင်ချိန် (RVT) အတွင်း သင်သည် COA ဧည့်ကြိုစင်တာတွင် နေရပါသည်။

သင်၏ခိုလှုံခွင့်အတွက် အကြောင်းပြချက်များအကြောင်း ကျွန်ုပ်တို့ကို ပြောပြနိုင်ခြင်းရှိမရှိ ဆုံးဖြတ်ရန် RVT တွင် ဆေးစစ်မှု ခံယူရလေ့ရှိပါသည်။ RVT တွင် VluchtelingenWerk (VWN) ၏ ခိုလှုံခွင့်လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များကိုလည်း သင်ရရှိမည်ဖြစ်ပါသည်။ VWN သည် ခိုလှုံခွင့်လုပ်ငန်းစဉ်အတွင်း သင့်ကိုလမ်းညွှန်ပေးပါသည်။ ဤအကူအညီသည် အခမဲ့ဖြစ်ပါသည်။ သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ် မစတင်မီ သင့်ရှေ့နေနှင့် တွေ့ဆုံရပါမည်။ သင့်ရှေ့နေသည် ခိုလှုံခွင့်ဆိုင်ရာ ဥပဒေများနှင့်စည်းမျဉ်းများကို သိပါသည်။ သင်၏အသေးစိတ်အင်တာဗျူးအတွက် ကူညီပြင်ဆင်ပေးပါသည်။ ၎င်းသည် သင်အဘယ်ကြောင့် ခိုလှုံခွင့်တောင်းခံကြောင်း ရှင်းပြရမည့် IND နှင့်စကားပြောဆိုမှု ဖြစ်ပါသည်။ သင့်ရှေ့နေ၏ အကူအညီသည် များသောအားဖြင့် အခမဲ့ဖြစ်ပါသည်။

သင့်တွင်အသက် 15 နှစ်နှင့်အထက် ကလေးများရှိလျှင် ၎င်းတို့သည် ကိုယ်ပိုင်အသေးစိတ်အင်တာဗျူးကို လက်ခံရရှိမည်ဖြစ်ပါသည်။ သင့်တွင် ခိုလှုံခွင့်လျှောက်ထားခြင်းအတွက် ကိုယ်ပိုင်အကြောင်းပြချက်များရှိသည့် အသက် 12 နှစ်မှ 15 နှစ်ကြား ကလေးများရှိပါသလား။ ရှိပါက ၎င်းတို့ဆန္ဒရှိလျှင် IND နှင့် ၎င်းတို့၏ကိုယ်ပိုင် အသေးစိတ်အင်တာဗျူးကိုလည်း လက်ခံရရှိနိုင်ပါသည်။ ဤကိစ္စကို သင့်ရှေ့နေထံ အသိပေးနိုင်ပါသည်။

## နေ့စဉ်ခိုလှုံခွင့်လုပ်ငန်းစဉ်

IND နှင့် ချိန်းဆိုထားသည့်နေ့တွင် သင်သည် IND ရုံးသို့ သွားရမည်ဖြစ်ပါသည်။ ဤနေရာတွင် အထွေထွေ ခိုလှုံခွင့် လုပ်ငန်းစဉ် (AA) စတင်ပါသည်။ AA သည် များသောအားဖြင့် 6 ရက်ကြာပါသည်။ ပိုကြာသော အထွေထွေခိုလှုံခွင့် လုပ်ငန်းစဉ်ဖြစ်သော AA+ သည် အများအားဖြင့် 9 ရက်ကြာမြင့်ပါသည်။ AA+ သည် IND မှ နောက်ဆက်တွဲအင်တာဗျူးတစ်ခု ထပ်မံပြုလုပ်ရန် သို့မဟုတ် နောက်ထပ်သုတေသနပြုလုပ်ရန် လိုအပ်သည့် ခိုလှုံခွင့်လျှောက်လွှာများအတွက် ရည်ရွယ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ပိုမိုအာရုံစိုက်ရန် လိုအပ်သော ခိုလှုံခွင့်ရှာဖွေသူများအတွက်လည်း ဖြစ်ပါသည်။ RVT ပြီးနောက် IND သည် AA သို့မဟုတ် AA+ သို့သွားရန်ဆုံးဖြတ်ပါသည်။

ခိုလှုံခွင့်လုပ်ငန်းစဉ်အတွင်း လုပ်ငန်းစဉ်အတွက် ပြင်ဆင်နေချိန်တွင် တူညီသော ဧည့်ကြိုနေရာ၌ပင် သင်နေ၍ရနိုင်ပါသည်။ တစ်ခါတစ်ရံ RVT ပြီးနောက် IND ရုံးနှင့် ပိုမိုနီးကပ်သော ဧည့်ကြိုတည်နေရာသို့ သင်ရွှေ့ရပါသည်။ IND နှင့်ဆွေးနွေးရန်အတွက် လမ်းလျှောက်သွားနိုင်လောက်အောင် နီးသည်မှလွဲ၍ သင့်ကို IND ရုံးသို့ ခေါ်ဆောင်သွားမည် ဖြစ်ပါသည်။ အောက်တွင် ခိုလှုံခွင့်လုပ်ငန်းစဉ်၏ နေ့ရက်တိုင်းတွင် ဘာဖြစ်မည်ကို ဖတ်ရှုနိုင်ပါသည်။

## နေ့ 1- အသေးစိတ်အင်တာဗျူး

အသေးစိတ်အင်တာဗျူးသည် IND ဝန်ထမ်းတစ်ဦးနှင့် စကားပြောဆိုမှု ဖြစ်ပါသည်။ ဤစကားဝိုင်းတွင် သင်၏ခိုလှုံခွင့်လျှောက်ထားမှုအတွက် အကြောင်းရင်းများကို အသေးစိတ်ရှင်းပြနိုင်ပါသည်။ IND သည် အင်တာဗျူးစဉ်အတွင်း သင့်ကိုမေးခွန်းများမေးပါမည်။ ဆန္ဒရှိပါက အသေးစိတ်အင်တာဗျူးတွင် သင်နှင့်အတူလိုက်ပါရန် VWN ကိုမေးမြန်းနိုင်ပါသည်။ သင့်ရှေ့နေမှတစ်ဆင့်လည်း စီစဉ်နိုင်ပါသည်။

အသေးစိတ်အင်တာဗျူးစဉ်အတွင်း စကားပြန်တစ်ဦးရှိပါမည်။ IND သည်ဒတ်ချ်ဘာသာဖြင့် မေးခွန်းများကိုမေးပါသည်။ စကားပြန်သည် ဤမေးခွန်းများကို သင်နားလည်နိုင်သော ဘာသာစကားအဖြစ် ဘာသာပြန်ပေးပါသည်။ စကားပြန်က သင့်အဖြေများကို ဒတ်ချ်ဘာသာသို့ ဘာသာပြန်ပေးပါသည်။ စကားပြန်သည် သီးခြားလွတ်လပ်သူဖြစ်ပြီး IND တွင် အလုပ်မလုပ်သလို သင့်ခိုလှုံခွင့် လျှောက်ထားမှုကို ဆုံးဖြတ်ခြင်းအပေါ်တွင်လည်း သြဇာလွှမ်းမိုးမှု မရှိပါ။ အရေးကြီးသည်မှာ - သင်နှင့်စကားပြန်သည် တစ်ဦးနှင့်တစ်ဦး ကောင်းစွာနားမလည်ပါက ချက်ချင်းပြောပြပါ။ ထို့နောက် IND သည် အခြားသောစကားပြန်ကို စီစဉ်ပေးမည်ဖြစ်ပါသည်။ နားလည်မှုလွဲမှားခြင်းမှ ရှောင်ရှားရန် မေးခွန်းများကို မှန်ကန်စွာနားလည်ရန် အရေးကြီးပါသည်။ IND ဝန်ထမ်းသည် အသေးစိတ်အင်တာဗျူး၏ အစီရင်ခံစာကို ပြုစုပါမည်။ သင်၏ (အိမ်ထောင်ဖြု) လက်တွဲဖော်နှင့်အတူ ခိုလှုံခွင့်လျှောက်ထားဖူးပါသလား။ သို့ဖြစ်ပါက တစ်ဦးချင်းစီကို IND ဝန်ထမ်းတစ်ဦးနှင့် သီးခြားအင်တာဗျူးလုပ်မည် ဖြစ်ပါသည်။

အကာအကွယ်လိုအပ်ကြောင်း ပြသသည့်အရာအားလုံးအကြောင်း ကျွန်ုပ်တို့ကိုပြောပြရန် အရေးကြီးပါသည်။ ရိုးသားပါ။ ဘာဖြစ်ပျက်ခဲ့သည်နှင့် အဘယ်ကြောင့် သင့်မူရင်းနိုင်ငံတွင် အကာအကွယ် မရရှိနိုင်သည်ကို ပြည့်ပြည့်စုံစုံနှင့် ရှင်းရှင်းလင်းလင်းပြောပါ။ အတိအကျ အဖြစ်အပျက်တစ်ခုခုကို မမှတ်မိပါက IND ကိုပြောပြပါ။ IND ဝန်ထမ်းများသည် သင့်နိုင်ငံရှိ ယေဘူယျအခြေအနေများကို သိရှိပါသည်။ သင်အဘယ်ကြောင့် ပုဂ္ဂိုလ်ရေးအကာအကွယ် လိုအပ်သည်ဟူသော သင့်ကိုယ်ပိုင်အခြေအနေကို ပြောပြရန် အရေးကြီးပါသည်။ သက်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို တတ်နိုင်သမျှပြောပြပါ။ သင်၏ခိုလှုံခွင့်လျှောက်ထားခြင်းအတွက် အကြောင်းပြချက်နှင့် သက်ဆိုင်သည့် အမာရွတ်များ၊ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာလက္ခဏာများ ရှိပါသလား။ သို့ဆိုလျှင် IND ကိုပြောပြရန်အရေးကြီးပါသည်။ ထို့နောက် IND သည်သင့်လျှောက်လွှာကို အကဲဖြတ်ရန်အတွက် အသုံးဝင်ကြောင်း တွေ့ရှိပါက IND သည် သင့်အားဆေးစစ်ချက်တစ်ခု ကမ်းလှမ်းရန် ဆုံးဖြတ်ခြင်းရှိနိုင်ပါသည်။ ယင်းကဲ့သို့သော စစ်ဆေးမှုမျိုးကို သင့်ကိုယ်သင် ကိုယ်တိုင်ကုန်ကျစရိတ် ကျခံ၍လည်း ပြုလုပ်နိုင်ပါသည်။
ဤအင်တာဗျူးတွင် စကားပြန်တစ်ဦးလည်း ရှိနေပါသည်။ အသေးစိတ်အင်တာဗျူး အစီရင်ခံစာကို IND ထံမှ သို့မဟုတ် သင့်ရှေ့နေထံမှ လက်ခံရရှိမည်ဖြစ်ပါသည်။

## နေ့ 2 - အသေးစိတ်အင်တာဗျူးကို ဆွေးနွေးခြင်း

သင့်ရှေ့နေသည် အသေးစိတ်အင်တာဗျူး၏ အစီရင်ခံစာကို သင်နှင့်ဆွေးနွေးမည်ဖြစ်ပါသည်။ ဤစကားဝိုင်းတွင်လည်း စကားပြန်က သင်နှင့်ရှေ့နေပြောသမျှကို ဘာသာပြန်ပေးပါသည်။ အစီရင်ခံစာတွင်

တစ်စုံတစ်ရာ လိုအပ်နေပါက သို့မဟုတ် မှားယွင်းနေပါက သင့်ရှေ့နေက IND ထံသို့ စာတစ်စောင်ဖြင့် တိုင်ကြားမည်ဖြစ်ပါသည်။

## နေ့ 3 - ပထမဆုံးဖြတ်ချက်

IND သည် ခိုလှုံနေထိုင်ခွင့်အတွက် အခြေအနေများနှင့် သင်ကိုက်ညီမှုရှိမရှိ အကဲဖြတ်ပါသည်။ ဤအကဲဖြတ်မှု၏ ရလဒ်သည် သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ်ကို မည်သို့လုပ်ဆောင်မည်ကို ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ ရွေးချယ်စရာ 3 ခုရှိပါသည် -

1. သင်သည် ခိုလှုံနေထိုင်ခွင့်အတွက် အခြေအနေများနှင့် ကိုက်ညီပါသည်။ သင်၏ခိုလှုံခွင့်လျှောက်လွှာကို အတည်ပြုပြီးကြောင်း ဖော်ပြသော IND (= ဆုံးဖြတ်ချက်) ထံမှစာတစ်စောင်ကို (သင့်ရှေ့နေမှတစ်ဆင့်) လက်ခံရရှိမည်ဖြစ်ပါသည်။ နယ်သာလန်တွင် သင် (ယာယီ) နေထိုင်နိုင်ပါသည်။ ၎င်းသည်သင့်အပေါ် မည်သို့အကျိုးသက်ရောက်မည်ကို သင့်ရှေ့နေက ရှင်းပြပါသည်။
2. IND သည် စုံစမ်းစစ်ဆေးရန် အချိန်ပိုလိုအပ်ပြီး 6 ရက်အတွင်း (သို့မဟုတ် AA+ တွင် 9 ရက်) သင့်ခိုလှုံခွင့်လျှောက်ထားမှုအပေါ်မဆုံးဖြတ်နိုင်ပါ။ IND သည် သင်၏ခိုလှုံခွင့်လျှောက်လွှာကို ထပ်တိုးခိုလှုံခွင့် လုပ်ငန်းစဉ် (VA) တွင်ဆက်လက်လုပ်ဆောင်ပါမည်။ သင်၏ခိုလှုံခွင့် လျှောက်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်သည် နောက်ပိုင်းတွင် ထွက်ပေါ်လာမည်ဖြစ်ပါသည်။ ဤထပ်တိုးခိုလှုံခွင့်ဆိုင်ရာ လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အချက်အလက်များပါရှိသော အခြားလက်ကမ်းစာစောင်ကို သင်သည်လက်ခံရရှိမည် ဖြစ်ပါသည်။
3. သင်သည် ခိုလှုံနေထိုင်ခွင့်အတွက် အခြေအနေများနှင့် မကိုက်ညီကြောင်း IND ကဆုံးဖြတ်ပါသည်။ IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ငြင်းပယ်ရန်ရည်ရွယ်ထားကြောင်း IND ထံမှ စာတစ်စောင်ကို (သင့်ရှေ့နေမှတစ်ဆင့်) လက်ခံရရှိမည်ဖြစ်ပါသည်။ ဤစာကို သဘောထားဟုခေါ်ပါသည်။ ဤစာတွင် ဤသို့ငြင်းဆိုရခြင်း၏ အကြောင်းရင်းများနှင့် ဤအရာသည် သင့်အတွက် မည်သို့သော အကျိုးဆက်များဖြစ်စေကြောင်းကိုလည်း ဖော်ပြထားပါသည်။ ဤစာအကြောင်းကို သင့်ရှေ့နေက သင်နှင့်ဆွေးနွေးပါလိမ့်မည်။

## နေ့ 4 - ဆုံးဖြတ်ချက်အပေါ် တုံ့ပြန်မှု

IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ငြင်းပယ်ရန်စီစဉ်နေပါက ဤသဘောထားကို သင့်ရှေ့နေနှင့် ဆွေးနွေးပါ။ ထို့နောက် သင့်ရှေ့နေသည် ဆုံးဖြတ်ချက်အပေါ် စာဖြင့်တုံ့ပြန်ချက်ကို IND သို့ ပေးပို့နိုင်ပါသည်။ ဤစာသည် IND ၏သဘောထားကို တရားဝင်တုံ့ပြန်သည့်စာ ဖြစ်ပါသည်။ ဤစာတွင် သဘောထားကို သင်သဘောမတူကြောင်း ရှင်းပြနိုင်ပါသည်။

## နေ့ 5 နှင့် 6 - ဆုံးဖြတ်ချက်

သင်၏တုံ့ပြန်မှုကိုဖတ်ပြီးနောက် IND သည် သဘောထားကို ပြုပြင်ပြောင်းလဲရန် လိုအပ်ခြင်းရှိမရှိ အကဲဖြတ်ပါမည်။ ဤဆုံးဖြတ်ချက်၏ရလဒ်သည် သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ်ကို မည်သို့ဆက်လက်လုပ်ဆောင်မည်ကို ဆုံးဖြတ်ပေးပါသည်။ IND က ဤအကဲဖြတ်မှု၏ရလဒ်ကို အစီရင်ခံသည့်စာတစ်စောင်ကို (သင့်ရှေ့နေမှတစ်ဆင့်) သင်ရရှိမည်ဖြစ်ပါသည်။ ၎င်းသည်သင့်အပေါ် မည်သို့အကျိုးသက်ရောက်မည်ကို သင့်ရှေ့နေက ရှင်းပြပါသည်။ ရွေးချယ်စရာ 3 ခုရှိပါသည် -

1. သင်၏တုံ့ပြန်မှုတွင် သင့်အမြင်ကိုဖတ်ပြီးနောက် IND သည် ခိုလှုံနေထိုင်ခွင့်အတွက် အခြေအနေများနှင့် ကိုက်ညီသေးကြောင်း တွေ့ရှိရပါသည်။ သင်၏ခိုလှုံခွင့်လျှောက်လွှာကို အတည်ပြုပြီးကြောင်း ဖော်ပြသော IND (= ဆုံးဖြတ်ချက်) ထံမှစာတစ်စောင်ကို (သင့်ရှေ့နေမှတစ်ဆင့်) လက်ခံရရှိမည်ဖြစ်ပါသည်။ သင်သည် (ယခုအချိန်တွင်) နယ်သာလန်၌ ဆက်လက်နေထိုင်နိုင်ပါသည်။ ၎င်းသည်သင့်အပေါ် မည်သို့အကျိုးသက်ရောက်မည်ကို သင့်ရှေ့နေက ရှင်းပြပါသည်။
2. IND သည် စုံစမ်းစစ်ဆေးရန် အချိန်ပိုလိုအပ်ပြီး 6 ရက်အတွင်း (သို့မဟုတ် AA+ တွင် 9 ရက်) သင့်ခိုလှုံခွင့်လျှောက်ထားမှုအပေါ်မဆုံးဖြတ်နိုင်ပါ။ IND သည် VA တွင် သင်၏ခိုလှုံခွင့်လျှောက်လွှာကို ဆက်လက်လုပ်ဆောင်ပါမည်။ ဤထပ်တိုးခိုလှုံခွင့်ဆိုင်ရာ လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အချက်အလက်များပါရှိသော အခြားလက်ကမ်းစာစောင်ကို သင်သည်လက်ခံရရှိမည် ဖြစ်ပါသည်။
3. သင်သည် ခိုလှုံခွင့်နေထိုင်ခွင့်အတွက် အခြေအနေများနှင့် မကိုက်ညီသေးကြောင်း IND က တွေ့ရှိရပါသည်။ သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ပယ်ချကြောင်းဖော်ပြထားသော IND (= ဆုံးဖြတ်ချက်) ထံမှစာတစ်စောင်ကို (သင့်ရှေ့နေမှတစ်ဆင့်) သင်လက်ခံရရှိမည်ဖြစ်ပါသည်။ ဆုံးဖြတ်ချက်တွင် ဤသို့ငြင်းဆိုရခြင်း၏ အကြောင်းရင်းများနှင့် သင့်အတွက်မည်သို့သော အကျိုးဆက်များကို ဖြစ်စေကြောင်းရှင်းပြပါသည်။ ဥပမာအားဖြင့် သင့်ကိုနယ်သာလန်တွင်နေရန် ခွင့်မပြုတော့ဘဲ သင့်နိုင်ငံသို့ပြန်ရမည် ဖြစ်ပါသည်။ ပယ်ချခြင်းကို သင်သဘောမတူပါက ဘာလုပ်နိုင်သည်ကိုလည်း ဖော်ပြပါသည်။ ထို့အပြင် သင့်နိုင်ငံသို့ပြန်ရန် ဘာလုပ်နိုင်သည်လည်း ပါဝင်ပါသည်။ သင့်ရှေ့နေက အမိန့်အကြောင်းကို သင်နှင့်ဆွေးနွေးမည် ဖြစ်ပါသည်။

*အထွေထွေခိုလှုံခွင့်လုပ်ငန်းစဉ် 9 ရက် (AA+)*

IND သည် သင့်ခိုလှုံခွင့်လျှောက်လွှာကို AA+ တွင် လုပ်ဆောင်နေပါသလား။ သို့ဖြစ်ပါက သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ်သည် အများအားဖြင့် 9 ရက်ကြာတတ်ပါသည် -

- နေ့ 1 နှင့် 2 - အသေးစိတ်အင်တာဗျူး။
- နေ့ 3 နှင့် 4 - ရှေ့နေတစ်ဦးနှင့် အသေးစိတ်အင်တာဗျူးအကြောင်း ဆွေးနွေးခြင်း။
- နေ့ 5: ပထမဆုံးဖြတ်ချက်။
- နေ့ 6 နှင့် 7 - ဆုံးဖြတ်ချက်အပေါ် ရှေ့နေဖြင့် တုံ့ပြန်မှု။
- နေ့ 8 နှင့် 9 - ဒုတိယဆုံးဖြတ်ချက်

## သင်၏လျှောက်လွှာကိုရုပ်သိမ်းခြင်း

သင်၏လျှောက်လွှာကို အချိန်မရွေးရုပ်သိမ်းနိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် ရှေ့နေ သို့မဟုတ် IND သို့ဆက်သွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ သင့်လျှောက်လွှာကို IND မှရုပ်သိမ်းနေပါသလား။ သို့ဖြစ်ပါက နယ်သာလန်တွင် သင်ဆက်နေခွင့် မရှိတော့ပါ။ အခြားအကြောင်းကြောင့် ဤနေရာတွင်

နေခွင့်ပေးထားသည်မှုလွဲ၍။ သို့ဖြစ်ပါက ဒုက္ခသည်အဖြစ်သတ်မှတ်မှုကို ရပိုင်ခွင့်လည်း မရှိတော့ပါ။ သင်၏ခိုလှုံခွင့်လျှောက်လွှာကို ရုပ်သိမ်းနေပါသလား။ သင့်ကို ဝင်ခွင့်ပိတ်ပင်ခံရနိုင်ပါသည်။ ရလဒ်အနေဖြင့် သင့်ကို ဥရောပသမဂ္ဂ (EU)၊ နော်ဝေး၊ အိုက်စလန်၊ လစ်ချ်တင်စတိန်းနှင့် ဆွစ်ဇာလန်သို့ အချိန်အတိုင်းအတာတစ်ခုအထိ ခရီးသွားရန် သို့မဟုတ် နေထိုင်ရန် ခွင့်မပြုပါ။ သင်၏ခိုလှုံခွင့်လျှောက်လွှာကို ရုပ်သိမ်းပြီးနောက် သင်သည် ခိုလှုံခွင့်ကို ထပ်မံ၍ လျှောက်ထားနိုင်ပါသည်။ သင့်ကို ဝင်ခွင့်ပိတ်ပင်ထားလျှင်ပင် ဖြစ်ပါသည်။

## ခိုလှုံခွင့်လုပ်ငန်းစဉ်ပြီးနောက်

AA သို့မဟုတ် AA+ ပြီးနောက် သင်သည်အခြား COA ဒုက္ခသည်စခန်းသို့ ရွှေ့ရပါမည်။

### နေထိုင်ခွင့်ကို သင်ရရှိပါသည်

IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုနှင့် ပတ်သက်၍ အပြုသဘောဖြင့် ဆုံးဖြတ်ပါက သင်သည် (ယခုအခါ) နယ်သာလန်တွင် ဆက်လက်နေထိုင်နိုင်ပါသည်။ နေထိုင်ခွင့်ရပြီး အလုပ်လုပ်ရန် ခွင့်ပြုသလို မည်သည့်မိသားစုဝင်ကိုမဆို ခေါ်လာနိုင်ပါသည်။ ထို့အပြင် COA သည် သင်နေထိုင်ရန်နေရာကို ရှာဖွေရန်ကူညီပေးပါသည်။ COA နှင့်အင်တာဗျူးတွင် သင့်အိမ်အတွက် အရေးကြီးသောအချက်အလက်များကို မှတ်တမ်းတင်ထားပါသည်။ ယင်းကိုအခြေခံ၍ နယ်သာလန်ရှိ မြူနီစီပယ်တစ်ခုကို သင့်အတွက် တာဝန်ပေးအပ်မည်ဖြစ်ပါသည်။ ယင်းနောက် မြူနီစီပယ်က သင့်လျော်သော အိမ်တစ်လုံးကို ရှာပေးပါမည်။ မြူနီစီပယ်သည် သင့်အားအိမ်ကမ်းလှမ်းခြင်းကို တစ်ကြိမ်သာ ပြုလုပ်မည်ဖြစ်ပြီး များသောအားဖြင့် သင့်လက်ခံရလေ့ရှိပါသည်။ သင့်တွင် ကိုယ်ပိုင်နေထိုင်စရာနေရာ မရှိမချင်း COA ဒုက္ခသည်စင်တာတွင် သင်နေနိုင်ပါသည်။ IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ခွင့်ပြုပြီးနောက် သင်၏အခွင့်အရေးနှင့်တာဝန်များအကြောင်း အသိပေးပါမည်။ VWN ဝန်ထမ်းများသည် ဒတ်ချ်လူ့အဖွဲ့အစည်းတွင် ပေါင်းစည်းရန် သင့်ကိုကူညီနိုင်ပါသည်။ ၎င်းတို့သည် အဖွဲ့အစည်းအသီးသီးသို့ သင်ဝင်ရောက်ရန် နည်းလမ်းကို ကူညီရှာဖွေပေးပါသည်။ ထို့အပြင် မြူနီစီပယ်သို့ သင်ရွှေ့ပြောင်းခြင်းနှင့် ပညာရေး သို့မဟုတ် အလုပ်ရှာဖွေခြင်းတွင်လည်း ကူညီပေးနိုင်ပါသည်။ VWN သည် သင့်မိသားစုဝင်များကို ခေါ်ဆောင်ရာတွင်လည်း ကူညီနိုင်ပါသည်။

### နေထိုင်ခွင့်ကို သင်ရရှိမည်မဟုတ်ပါ

IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ပယ်ချပါက သင့်ရှေ့နေနှင့်တိုင်ပင်ပြီး ဒတ်ချ်တရားရုံးသို့ ဤဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်ပါသည်။ ဆိုလိုသည်မှာ IND ၏ဆုံးဖြတ်ချက်ကို သင်သဘောမတူကြောင်း တရားရုံးသို့ တရားဝင်တင်ပြခြင်း ဖြစ်ပါသည်။ နယ်သာလန်တွင် အယူခံဝင်ခြင်းလုပ်ငန်းစဉ်ကို များသောအားဖြင့် သင်စောင့်မျှော်နိုင်ပါသည်။ ယင်းသို့ခွင့်မပြုပါက အယူခံဝင်မှုလုပ်ငန်းစဉ်အတွင်း နယ်သာလန်တွင် သင်ဆက်နေနိုင်ခြင်းရှိမရှိ တရားသူကြီးကို သင်မေးနိုင်ပါသည်။ ဤကိစ္စတွင် သင့်ရှေ့နေက ကူညီပေးပါမည်။ သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ဆုံးဖြတ်ရာတွင် IND သည် ဒတ်ချ်ဥပဒေကို မှန်ကန်စွာအကောင်အထည်ဖော်ခြင်း ရှိမရှိ တရားသူကြီးက စစ်ဆေးမည်ဖြစ်ပါသည်။

IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ငြင်းပယ်ပါက သင့်ကို အခြားသော ခိုလှုံခွင့်ရှာဖွေသူများစင်တာသို့ ခေါ်ဆောင်သွားမည်ဖြစ်ပါသည်။ ဤတွင် နယ်သာလန်မှ သင်၏ထွက်ခွာမှုကို စီစဉ်ရန် 28 ရက်ရှိပါသည်။ ထိုကာလကုန်ဆုံးပြီးနောက် သင့်တွင် ညှိနှိုင်းမှုကို ရပိုင်ခွင့်မရှိတော့ပါ။ ယင်းနောက် ခိုလှုံခွင့်ရှာဖွေသူများစင်တာတွင် သင်ဆက်လက်နေထိုင်ခွင့်မရှိတော့ပါ။ ခိုလှုံခွင့်လုပ်ငန်းစဉ်ပြီးနောက်တွင်ပင် အကူအညီနှင့်အချက်အလက်များအတွက် VWN ကိုဆက်သွယ်နိုင်ပါသည်။

## ပြန်ရန်

သင့်မူရင်းနိုင်ငံသို့ပြန်ရန် သင့်တွင်တာဝန်ရှိပါသည်။ Dienst Terugkeer en Vertrek (DT&V) သည် သင့်ထွက်ခွာမှုအတွက် ပြင်ဆင်ရန်ကူညီပေးပါသည်။ ထို့ကြောင့် သင်၏ခိုလှုံခွင့်လျှောက်လွှာကို ငြင်းပယ်ပြီးနောက် DT&V သည် သင့်ထံဆက်သွယ်ပါမည်။ သတ်မှတ်ထားသောကာလအတွင်း လွတ်လပ်စွာမထွက်ခွာပါက DT&V သည် သင့်ကိုနယ်သာလန်မှ ထွက်ခွာရန် အတင်းအကျပ် လုပ်ဆောင်နိုင်ပါသည်။

စောစောပြန်လာခြင်းအကြောင်း DT&V ကိုပြောလိုပါသလား။ သို့ဖြစ်ပါက သင့်ရှေ့နေ သို့မဟုတ် VWN သည်သင့်ကို DT&V နှင့် ဆက်သွယ်ပေးနိုင်ပါသည်။ ilc@dtv.minvenj.nl သို့ အီးမေးလ်တစ်စောင်ပေးပို့ခြင်းဖြင့် DT&V ကိုသင်ကိုယ်တိုင်လည်း ဆက်သွယ်နိုင်ပါသည်။

သင့်မူရင်းနိုင်ငံသို့ ဆန္ဒအလျောက်ပြန်လာလိုပါက DT&V သို့မဟုတ် Internationale Organisatie voor Migratie (IOM) သို့ဆက်သွယ်ပေးပါ။ ယင်းတို့၏ ဝဘ်ဆိုက်များတွင် လုပ်ဆောင်ပုံကို ရှင်းပြထားပါသည်။ ၎င်းတွင် ပြန်လာခြင်းဆိုင်ရာနှင့် မည်သည့်ပံ့ပိုးကူညီမှု\ {1\}(အခြေခံထွက်ခွာခြင်းဆိုင်ရာ ပံ့ပိုးကူညီမှု နှင့်/သို့မဟုတ် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ ပံ့ပိုးကူညီမှု) တို့ကို သင်ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းအချကအလက်လည်း ပါဝင်ပါသည်။ ၎င်းတို့သည် သင့်အား လက်တွေ့ကျသော အချက်အလက်များကို ပေးနိုင်ပြီး သင်၏ထွက်ခွာမှုအတွက် ကူညီပေးနိုင်ပါသည်။ COA ၏ ညှိနှိုင်းတည်နေရာတွင် IOM သို့သွားနိုင်ပါသည်။ ဖြစ်နိုင်ခြေရှိသော ပြန်လာမှုနှင့် ပံ့ပိုးကူညီမှုဆိုင်ရာ မေးခွန်းများအတွက် VWN သို့မဟုတ်အခြားအဖွဲ့အစည်းများထံလည်း ဆက်သွယ်နိုင်ပါသည်။

# ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စီစဉ်ဆောင်ရွက်ခြင်း

ကိုယ်ရေးကိုယ်တာ အချက်အလက် ဆိုသည်မှာ သင်နှင့်ပတ်သက်သော မည်သည့်အချက်အလက် အမျိုးအစားကိုမဆို ဆိုလိုပါသည်။ ဤလက်ကမ်းစာစောင်တွင် ပါဝင်ကူညီသည့် အဖွဲ့အစည်းများကို အောက်တွင်ဖော်ပြထားပါသည်။ သင့်တောင်းဆိုချက်၊ အစီရင်ခံစာ သို့မဟုတ် တောင်းဆိုချက်ကို လုပ်ဆောင်သည့်အခါ ဤအဖွဲ့အစည်းများသည် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စီစဉ်ဆောင်ရွက်ပါသည်။ ၎င်းတို့က သင့်အချက်အလက်ကို တောင်းဆိုပြီး လိုအပ်ပါက အခြားအဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များကိုလည်း ဆက်သွယ်ပါသည်။ ဤအဖွဲ့အစည်းများသည် သင့်အချက်အလက်ကို အသုံးပြုပြီး သိမ်းဆည်းကာ ဥပဒေအရလိုအပ်ပါက အခြားအဖွဲ့အစည်းများထံ ပေးပို့ပါသည်။ ကိုယ်ရေးလုံခြုံမှု ဥပဒေတွင် သင့်အချက်အလက်ကို စီမံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများအတွက် တာဝန်များကို

သတ်မှတ်ပေးထားပါသည်။ ဥပမာအားဖြင့် ၎င်းတို့သည် သင်၏အချက်အလက်ကို တိကျစွာနှင့် လုံခြုံစွာကိုင်တွယ်ရန်လိုအပ်ပါသည်။ ကိုယ်ရေးလုံခြုံမှုဥပဒေသည် သင်၏အခွင့်အရေးများကိုလည်း သတ်မှတ်ပေးပါသည်။ ဥပမာအားဖြင့် တောင်းဆိုပါက သင့်တွင်အောက်ပါအခွင့်အရေးများရှိပါသည် -

• အဖွဲ့အစည်းများက သိရှိထားသော သင်၏အချက်အလက်များကို သိမြင်ခွင့်။
• သင့်အချက်အလက်ကို မည်သည့်အဖွဲ့အစည်းများက အဘယ်ကြောင့် လုပ်ဆောင်နေသည်ကို သိပိုင်ခွင့်။
• သင့်အချက်အလက်ကို မည်သည့်အဖွဲ့အစည်းများသို့ လွှဲပြောင်းထားသည်ကို သိပိုင်ခွင့်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်နှင့် သင်၏အခွင့်အရေးများကို စီစဉ်ဆောင်ရွက်ခြင်းအကြောင်း ပိုမိုသိရှိလိုပါသလား။ သို့ဖြစ်ပါက အဖွဲ့အစည်းများ၏ ဝဘ်ဆိုက်များကို စစ်ဆေးပါ။

# လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် ခိုလှုံခွင့်လျှောက်ထားခြင်း

နယ်သာလန်တွင်နေထိုင်ရန် သင့်ကိုခွင့်ပြုမထားသလို သင်ကိုယ်တိုင်လည်း နယ်သာလန်မှ မထွက်ခွာခြင်း ဖြစ်ပါသလား။ သို့ဖြစ်ပါက သင့်ကို လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် ထားရှိနိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းဆိုသည်မှာ အလုံပိတ်အဆောက်အဦး (house of detention) တွင် နေထိုင်ရခြင်းကိုဆိုလိုပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ နယ်သာလန်တွင် နေထိုင်ခွင့်မရဘဲ အတင်းအဓမ္မ ထွက်ခွာစေမည့်သူများကို ထားရှိရန် ဖြစ်ပါသည်။

သင့်ကို လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် ထားရှိပြီး ခိုလှုံခွင့် ရှာဖွေနေပါသလား။ သို့မဟုတ် သင်က ခိုလှုံခွင့်လျှောက်ထားပြီး ယင်းနောက်တွင် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် သင့်ကိုထားရှိခြင်း ဖြစ်ပါသလား။ သို့ဖြစ်ပါက သင်၏ခိုလှုံခွင့်လျှောက်လွှာကို Justitieel Complex Schiphol (JCS) တွင်ကိုင်တွယ်မည်ဖြစ်ပါသည်။ ထို့နောက် IND သည် သင်၏လျှောက်လွှာကို ခြောက်ပတ်အတွင်း ဆုံးဖြတ်ရပါမည်။

များသောအားဖြင့် JCS အဆောက်အအုံသို့ သင့်ကိုခေါ်ဆောင်သွားမည် ဖြစ်ပါသည်။ သို့ရာတွင် သင်ယခုနေသည့်နေရာ၌ ဆက်နေရန်လည်း ဖြစ်နိုင်ပါသည်။ သင်သည် JCS သို့သွား၍ ပထမဆုံးအကြိမ် ခိုလှုံခွင့်လျှောက်ထားခြင်း ဖြစ်ပါသလား။ သို့ဖြစ်ပါက သင်ရောက်ရှိလာပြီးနောက် IND သည် တစ်ခါတစ်ရံတွင် စာရွက်ပေါ်တွင်သို့မဟုတ်ကွန်ပြူတာပေါ်တွင် မေးခွန်းလွှာဖြည့်ရန် သင့်ကိုခွင့်ပြုပေးနိုင်ပါသည်။ ဤဖောင်ကို မှတ်ပုံတင်ဖောင်ဟု ခေါ်ပါသည်။ ဥပမာအားဖြင့် အလုပ်များသော အချိန်များတွင် မှတ်ပုံတင်ဖောင်ကို အသုံးမပြုရန် IND ကဆုံးဖြတ်ခြင်း ရှိနိုင်ပါသည်။

ထို့နောက် သင်သည် IND နှင့် ပထမဆုံးအင်တာဗျူးကို ရရှိပါမည်။ ၎င်းကိုမှတ်ပုံတင်ခြင်းအင်တာဗျူးဟု ခေါ်ပါသည်။ ဤသည်မှာ IND ကသင့်ကို မေးခွန်းများမေးသည့် အရေးကြီးသောအင်တာဗျူးတစ်ခု ဖြစ်ပါသည်။ ဤအင်တာဗျူးအတွင်း IND သည် သင်မည်သူဖြစ်သည်နှင့် သင်ဘယ်ကလာသည်ဆိုသည့် အချက်အလက်ကို

ရယူလိုပါသည်။ ထို့အပြင် သင့်ခရီးစဉ်အကြောင်းနှင့် သင်အဘယ်ကြောင့် နယ်သာလန်တွင် ရှိနေသည်လည်း ပါဝင်ပါသည်။ အောက်ပါတို့အကြောင်း မေးခွန်းများကို သင်ရရှိပါမည် -

- သင်၏အထောက်အထား၊ နိုင်ငံသား၊ မူလနိုင်ငံ၊ နေထိုင်ရာနေရာနှင့် နေထိုင်မှုပတ်ဝန်းကျင်။
- မိသားစု။
- စာရွက်စာတမ်းများ။
- ပညာရေး။
- အလုပ်အကိုင်နှင့်စစ်မှုထမ်းခြင်း။
- မတူညီသောနိုင်ငံများတွင် နေထိုင်ခြင်း။
- နယ်သာလန်သို့ သင်၏ခရီးစဉ်။
- အတိုချုပ်အားဖြင့် ခိုလှုံခွင့်တောင်းရသည့် အကြောင်းရင်း။

ရိုးသားပြီး သင့်အချက်အလက်အစစ်အမှန်ကို အမြဲပေးပါ။ ထို့ကြောင့် မှားယွင်းသော (ခရီးသွား) စာရွက်စာတမ်းတွင် ပါရှိသောအချက်အလက်ကို မသုံးပါနှင့်။ နာမည်တု (ကလောင်အမည်) သုံးလျှင်လည်းပြောပါ။ အကယ်၍သင်သည် IND သို့ မှားယွင်းသော သို့မဟုတ် မပြည့်စုံသော သတင်းအချက်အလက် သို့မဟုတ် အချက်အလက်ကို ပေးပါက သင်၏ခိုလှုံခွင့်လျှောက်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်အတွက် ၎င်းသည်အနုတ်လက္ခဏာဖြစ်နိုင်ပါသည်။

IND သည် အင်တာဗျူး၏ အစီရင်ခံစာကို ပြုလုပ်ပါသည်။ သင့်ရှေ့နေထံမှ အစီရင်ခံစာတစ်စောင်ကို သင်လက်ခံရရှိမည်ဖြစ်ပါသည်။ အထွေထွေခိုလှုံခွင့်လုပ်ငန်းစဉ်အတွက် ကူညီပြင်ဆင်ပေးမည့် ရှေ့နေတစ်ဦးကို သင်လက်ခံရရှိမည်ဖြစ်ပါသည်။ သင်ကိုယ်တိုင်လည်း ရှေ့နေရှာနိုင်ပါသည်။ သင့်ရှေ့နေသည် ခိုလှုံခွင့်ဆိုင်ရာ ဥပဒေများနှင့်စည်းမျဉ်းများကို သိပါသည်။ ထို့အပြင် အသေးစိတ်အင်တာဗျူးက မည်မျှအရေးကြီးသည်ကို သိရှိထားပါ။ ၎င်းသည် သင်အဘယ်ကြောင့် ခိုလှုံခွင့်တောင်းခံကြောင်း ရှင်းပြရမည့် IND နှင့်စကားပြောဆိုမှု ဖြစ်ပါသည်။ များသောအားဖြင့် သင်ရှေ့နေက မပေးရပါ။ ဤသည်မှာ Raad voor Rechtsbijstand သင့်အတွက် လုပ်ပေးခြင်း ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် အထွေထွေခိုလှုံခွင့်ဆိုင်ရာ လုပ်ငန်းစဉ် (AA သို့မဟုတ် AA+) သည် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင်မရှိသော ခိုလှုံခွင့်တောင်းခံသူများနှင့် အတူတူပင်ဖြစ်ပါသည်။ ဤစာရွက်၏ထိပ်တွင် AA သို့မဟုတ် AA+ လုပ်ငန်းစဉ်၏ နေ့ရက်တိုင်းတွင် မည်သို့ဖြစ်ပျက်နေသည်ကို သင်ဖတ်နိုင်ပါသည်။

## ရိုးရှင်းသော ခိုလှုံခွင့်လုပ်ငန်းစဉ်

သင်သည် လုံခြုံသောနိုင်ငံတစ်ခုမှ ဖြစ်ပါသလား။ သင်သည်အီးယူနိုင်ငံသားလား သို့မဟုတ်နိုင်ငံတကာအကာအကွယ် ရှိပြီးသားလား။ သို့ဖြစ်ပါက သင်ခိုလှုံခွင့် မရရှိရန် ဖြစ်နိုင်ခြေများပါသည်။ ထို့နောက် IND သည် သင့်လျှောက်လွှာကို ရိုးရှင်းပြီးအရှိန်မြှင့်သည့် လုပ်ငန်းစဉ်ဖြင့် လုပ်ဆောင်မည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကာလအတွင်း သင်သည် IND နှင့်အင်တာဗျူး 1 ခုသာ ရရှိမည်ဖြစ်ပါသည်။ သင်က နယ်သာလန်၊ အခြား EU အဖွဲ့ဝင်နိုင်ငံ၊ နော်ဝေး၊ အိုက်စ်လန်၊ လစ်ချ်တင်စတိန်း သို့မဟုတ် ဆွစ်ဇာလန်တွင် ခိုလှုံနေထိုင်ခွင့်

ရှိပြီးပါက ၎င်းသည်လည်း အကျုံးဝင်ပါသည်။ IND သည် ခိုလှုံခွင့်တောင်းခံခြင်းအတွက် သင်၏အကြောင်းပြချက်များနှင့် ပတ်သက်၍ သင်ပြောခဲ့သည့်အရာကို အကဲဖြတ်ပါသည်။ ထို့နောက် သင်ခိုလှုံခွင့်ရမရကို ဆုံးဖြတ်ပါသည်။ ရိုးရှင်းသော ခိုလှုံခွင့်ဆိုင်ရာလုပ်ငန်းစဉ်အကြောင်း လက်ကမ်းစာစောင်တွင် ပိုမိုဖတ်ရှုပါ။

*ဘေးကင်းသော နိုင်ငံများစာရင်း*
အယ်လ်ဘေးနီးယား၊ အာမေးနီးယား၊ ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနား၊ ဘရာဇီး၊ ဂျော်ဂျီယာ၊ ဂါနာ၊ အိန္ဒိယ၊ ဂျမေကာ၊ ကိုဆိုဗို၊ မော်ရိုကို၊ မွန်ဂိုလီးယား၊ မွန်တီနီဂရိုး၊ မြောက်မက်စီဒိုးနီးယား၊ ဆီနီဂေါ၊ ဆားဘီးယား၊ ထရီနီဒက်နှင့်တိုဘာဂို၊ တူနီးရှား၊ အမေရိကန်။

ဤစာရင်းသည် ပြောင်းလဲနိုင်သည် - နိုင်ငံများကို ထည့်သွင်း သို့မဟုတ် ဖယ်ရှားနိုင်ပါသည်။ ယင်းသည် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးအဆင့်အပေါ် မူတည်ပါသည်။ ဘေးကင်းသောနိုင်ငံများစာရင်း၏ နောက်ဆုံးဗားရှင်းသည် အမျိုးသားအစိုးရ ဝဘ်ဆိုက်တွင် ရှိနေပါသည် - www.rijksoverheid.nl

## ခိုလှုံခွင့်လုပ်ငန်းစဉ်ပြီးနောက်

IND သည် သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ငြင်းပယ်ပါသလား။ သို့ဖြစ်ပါက သင့်ရှေ့နေနှင့်တိုင်ပင်ကာ ဤဆုံးဖြတ်ချက်ကို ဒတ်ချ်တရားရုံးသို့ အယူခံဝင်နိုင်ပါသည်။ ဆိုလိုသည်မှာ IND ၏ဆုံးဖြတ်ချက်ကို သင်သဘောမတူကြောင်း တရားရုံးသို့ တရားဝင်တင်ပြခြင်း ဖြစ်ပါသည်။
အယူခံဝင်မှု လုပ်ငန်းစဉ်အတွင်း နယ်သာလန်တွင် သင်နေနိုင်ခြင်းရှိမရှိကိုလည်း တရားရုံးတွင် မေးနိုင်ပါသည်။ ဤကိစ္စတွင် သင့်ရှေ့နေက ကူညီပေးပါမည်။

သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ဆုံးဖြတ်ရာတွင် IND သည် ဒတ်ချ်ဥပဒေကို မှန်ကန်စွာအကောင်အထည်ဖော်ခြင်း ရှိမရှိ တရားသူကြီးက စစ်ဆေးမည်ဖြစ်ပါသည်။ အမှုများစွာတွင် နယ်သာလန်တွင် နေထိုင်ကာ တရားရုံး၏ဆုံးဖြတ်ချက်ကို သင်စောင့်မျှော်နိုင်ပါသည်။ သို့သော် သင်သည် ပိတ်ထားသောနေရာတွင် ဆက်နေရမည် ဖြစ်ပါသည်။

# ပြန်ရန်

နယ်သာလန်တွင်နေရန် ခွင့်မပြုပါက နယ်သာလန်မှထွက်ခွာရန် သင့်တွင်တာဝန်ရှိပါသည်။
Dienst Terugkeer en Vertrek (DT&V) သည် သင့်ထွက်ခွာမှုအတွက် ပြင်ဆင်ရန်ကူညီပေးနိုင်ပါသည်။ ထို့ကြောင့် သင်၏ခိုလှုံခွင့်လျှောက်လွှာကို ငြင်းပယ်ပြီးနောက် DT&V သည် သင့်ထံဆက်သွယ်ပါမည်။ သတ်မှတ်ထားသောကာလအတွင်း လွတ်လပ်စွာမထွက်ခွာပါက DT&V သည် သင့်ကိုနယ်သာလန်မှ ထွက်ခွာရန် အတင်းအကျပ် လုပ်ဆောင်နိုင်ပါသည်။ စောစောပြန်လာခြင်းအကြောင်း DT&V ကိုပြောလိုပါသလား။ သို့ဖြစ်ပါက သင့်ရှေ့နေ သို့မဟုတ် COA သည် သင့်ကို DT&V နှင့် ဆက်သွယ်ပေးနိုင်ပါသည်။ သို့မဟုတ် ilc@dtv.minvenj.nl သို့ အီးမေးလ်တစ်စောင်ပေးပို့ခြင်းဖြင့် ကျွန်ုပ်တို့ထံ သင်ကိုယ်တိုင် ဆက်သွယ်နိုင်ပါသည်။

သင့်မူရင်းနိုင်ငံသို့ ဆန္ဒအလျောက်ပြန်လာလိုပါက DT&V သို့မဟုတ် Internationale Organisatie voor Migratie (IOM) သို့ဆက်သွယ်ပေးပါ။ ယင်းတို့၏ ဝဘ်ဆိုက်များတွင် လုပ်ဆောင်ပုံကို ရှင်းပြထားပါသည်။ ၎င်းတွင် ပြန်လာခြင်းဆိုင်ရာနှင့် မည်သည့်ပံ့ပိုးကူညီမှု (အခြေခံထွက်ခွာခြင်းဆိုင်ရာ ပံ့ပိုးကူညီမှု နှင့်/သို့မဟုတ် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ ပံ့ပိုးကူညီမှု တို့ကို သင်ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းအချက်အလက်လည်း ပါဝင်ပါသည်။ ၎င်းတို့သည် သင့်အား လက်တွေ့ကျသော အချက်အလက်များကို ပေးနိုင်ပြီး သင်၏ထွက်ခွာမှုအတွက် ကူညီပေးနိုင်ပါသည်။ များသောအားဖြင့် ထိန်းသိမ်းရေးစခန်းတွင် IOM သို့သွားနိုင်ပါသည်။ ဖြစ်နိုင်ခြေရှိသော ပြန်လာမှုနှင့် ပံ့ပိုးကူညီမှုဆိုင်ရာ မေးခွန်းများအတွက် VWN ကိုလည်း ဆက်သွယ်နိုင်ပါသည်။

# မေးလေ့ရှိသောမေးခွန်းများ

**အထွေထွေခိုလှုံခွင့်လုပ်ငန်းစဉ်သည် မည်သည့်အချိန်တွင် စတင်သနည်း။**
ရဲထံတွင် ခိုလှုံခွင့်ရှာဖွေသူအဖြစ် စာရင်းသွင်းပြီးနောက် သင်သည် IND နှင့်ပထမဆုံးအင်တာဗျူးကို စောင့်ဆိုင်းနေပါသည်။ ၎င်းကို မှတ်ပုံတင်အင်တာဗျူးဟု ခေါ်ပါသည်။ ၎င်းနောက် သင်သည်ခိုလှုံခွင့်လုပ်ငန်းစဉ် (AA သို့မဟုတ် AA+) အတွက် ပြင်ဆင်ရန် အနည်းဆုံး 6 ရက်အချိန်ရှိပါသည်။ လက်တွေ့တွင် ခိုလှုံခွင့်လုပ်ငန်းစဉ်မစတင်မီ အချိန်ပိုကြာပါသည်။ အချို့ကိစ္စများတွင် သင်ပြင်ဆင်ချိန်မရပါ။ COA ဧည့်ကြိုစင်တာတွင် အသေးစိတ်အင်တာဗျူးအတွက် IND မှသင့်ကိုဖိတ်ကြားထားသည့် စာတစ်စောင်ကို သင်လက်ခံရရှိမည်ဖြစ်ပါသည်။

**}IND မှ ဆုံးဖြတ်ချက်တစ်ခုအတွက် အချိန်မည်မျှစောင့်ရမည်နည်း။**
ယေဘုယျအားဖြင့် ခိုလှုံခွင့်လုပ်ငန်းစဉ်သည် ရုံးဖွင့်ရက် 6 (AA) သို့မဟုတ် 9 (AA+) ရက်ကြာတတ်ပါသည်။ တစ်ခါတစ်ရံ IND သည် ထိုအချိန်အတွင်း မဆုံးဖြတ်နိုင်ပါ။ ဥပမာအားဖြင့် သင်သည်ခိုလှုံခွင့်လုပ်ငန်းစဉ်အတွင်း နေမကောင်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ထိုအခြေအနေတွင် IND သည် AA သို့မဟုတ် AA+ ကိုနောက်ထပ် ရုံးဖွင့်ရက် 6 သို့မဟုတ်ထို့ထက်ပို၍ သက်တမ်းတိုးနိုင်ပါသည်။ IND ရုံးများသည် များသောအားဖြင့် စနေနှင့်တနင်္ဂနွေများတွင် ပိတ်ပါသည် - ၎င်းတို့သည် ရုံးဖွင့်ရက်များ မဟုတ်ပါ။ IND သည် ထပ်တိုးခိုလှုံခွင့် လုပ်ငန်းစဉ်အတွင်း သင်၏ခိုလှုံခွင့်လျှောက်ထားမှုကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်နိုင်ပါသည်။ ထို့နောက် ထပ်တိုးခိုလှုံခွင့်ဆိုင်ရာ လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များ ပါရှိသည့် နောက်ထပ်စာရွက်စာတန်းတစ်ခုကို သင်ရရှိမည်ဖြစ်ပါသည်။ IND သည် သင့်ခိုလှုံခွင့်လျှောက်ထားသည့်နေ့မှစ၍ လမည်မျှအတွင်း ဆုံးဖြတ်ရမည်ဟု ဥပဒေတွင်ဖော်ပြထားပါသည်။ ဤသည်မှာ တရားဝင် ဆုံးဖြတ်ချက်ကာလဖြစ်ပါသည်။ တရားဝင် ဆုံးဖြတ်ချက်ကာလများကို [www.ind.nl/beslistermijnen](http://www.ind.nl/beslistermijnen) သို့မဟုတ် [www.ind.nl/en/decision-periods](http://www.ind.nl/en/decision-periods) တွင် ဖတ်ရှုပါ။ ဆုံးဖြတ်ချက်ကာလကို တစ်ခါတစ်ရံ သက်တမ်းတိုးနိုင်ပါသည်။ သို့သော် IND သည် ဆုံးဖြတ်ချက်တစ်ခုချရန် 21 လထက် ပိုမကြာသင့်ပါ။

IND သည် ဆုံးဖြတ်ချက်ချသည့်ကာလအတွင်း သင့်ထံသို့ ဆုံးဖြတ်ချက်တစ်ခုကို မပေးပို့ခဲ့ဘူးလား။ ထိုအခြေအနေတွင် သင်၏ခိုလှုံခွင့်လျှောက်ထားမှုအပေါ် လျင်မြန်စွာဆုံးဖြတ်ရန် IND ကိုစာဖြင့်မေးနိုင်ပါသည်။ ဤကိစ္စကို သင့်ရှေ့နေက ကူညီပေးနိုင်ပါသည်။

**ကျွန်ုပ်၏ခိုလှုံခွင့်ဇာတ်လမ်းကို အမျိုးသား သို့မဟုတ် အမျိုးသမီးတစ်ဦးကို ပြောပြလိုပါသည်။ ၎င်းကိုစီစဉ်နိုင်ပါသလား။**

ဟုတ်ပါသည်။ မှတ်ပုံတင်ခြင်းအင်တာဗျူး (= IND နှင့်အင်တာဗျူး) တွင် ၎င်းကိုသင်ဖော်ပြနိုင်ပါသည်။ ထို့နောက် IND သည် အသေးစိတ်အင်တာဗျူးအတွက် အမျိုးသား သို့မဟုတ် အမျိုးသမီးဝန်ထမ်းနှင့် အမျိုးသား သို့မဟုတ်အမျိုးသမီးစကားပြန်ကို စီစဉ်ရန်ကြိုးစားပါသည်။

**ကျွန်ုပ်ဖျားနာခြင်း သို့မဟုတ် ကိုယ်ဝန်ရှိနေပါက ဘာလုပ်သင့်သနည်း။**

အကယ်၍ သင်သည်နေမကောင်း သို့မဟုတ် ကိုယ်ဝန်ရှိနေပါက ဆေးစစ်မှုပြုလုပ်နေစဉ်အတွင်း သူနာပြုကို ပြောပြပါ (လက်ကမ်းစာစောင်ကိုကြည့်ပါ - သင်၏ခိုလှုံခွင့်လုပ်ငန်းစဉ်မစတင်မီ)။ အောက်ပါတို့ကဲ့သို့ ကူးစက်ရောဂါတစ်ခု သင့်တွင်ရှိခြင်း သို့မဟုတ် ရှိသည်ဟုထင်ခြင်း ဖြစ်ပါက အထူးအရေးကြီးပါသည် - တီဘီ၊ ဝဲ သို့မဟုတ်အသည်းရောင်အသားဝါဘီ။ သူနာပြုနှင့် သင်မျှဝေသမျှကို လျှို့ဝှက်ထားပါမည်။ သူနာပြုသည် သင့်ခွင့်ပြုချက်မရှိဘဲ သင့်ကျန်းမာရေးနှင့်ပတ်သက်သည့် အချက်အလက်များကို အခြားသူများထံ မည်သည့်အခါမျှ ဖြန့်ဝေမည်မဟုတ်ပါ။ ခိုလှုံခွင့်လုပ်ငန်းစဉ်အတွင်း သင်ဖျားပါက COA၊ IND သို့မဟုတ် VWN သို့ပြောပြပါ။ ၎င်းတို့သည် မှန်ကန်သော (ဆေးဘက်ဆိုင်ရာ) အကူအညီကို ရရှိရန် ကူညီပေးနိုင်ပါသည်။ IND သို့မဟုတ် သင့်ရှေ့နေနှင့် အင်တာဗျူးမည့်နေ့တွင် သင်နေမကောင်းဖြစ်နေပါသလား။ သို့ဖြစ်ပါက ဤအကြောင်းကို IND သို့မဟုတ် သင့်ရှေ့နေထံ အစီရင်ခံရန် COA ကိုတောင်းဆိုပါ။

**ဤလက်ကမ်းစာစောင်ကို ဖတ်ပြီးနောက် သင့်တွင်မေးခွန်းများရှိပါသလား။**

ဤမေးခွန်းများကို သင့်ရှေ့နေ သို့မဟုတ် COA၊ IND သို့မဟုတ် VWN ၏ ဝန်ထမ်းတစ်ဦးထံ သင်မေးနိုင်ပါသည်။

**တိုင်ကြားချက်တစ်ခုရှိပါသလား။**

ခိုလှုံခွင့်လုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့အစည်းအားလုံးသည် ပညာရှင်ဆန်စွာနှင့် တိကျစွာလုပ်ဆောင်ကြပါသည်။ အဖွဲ့အစည်းတစ်ခုက သင့်ကိုကောင်းကောင်းမဆက်ဆံဟု ထင်နေသေးပါသလား။ သို့ဖြစ်ပါက တိုင်ကြားနိုင်ပါသည်။ ဤကိစ္စကို သင့်ရှေ့နေသို့မဟုတ် VWN က ကူညီနိုင်ပါသည်။


ဤထုတ်ဝေမှုသည် ပူးတွဲထုတ်ဝေခြင်း ဖြစ်ပါသည် -

Afdeling Vreemdelingenpolitie, Identificateie en Mensenhandel (AVIM)
Nidos
Centraal Orgaan opvang asielzoekers (COA)
Immigration- en Naturalisatiedienst (IND)
Koninklijke Marechaussee (KMar)
Raad voor Rechtsbijstand (RvR)
VluchtelingenWerk Nederland (VWN)
Internationale Organisatie voor Migratie (IOM)
Dienst Terugkeer en Vertrek (DT&V)

တာဝန်ပေးသည်မှာ -

Ministerie van Justitie en Veiligheid၊

Directie Migratiebeleid
www.rijksoverheid.nl



ဤထုတ်ဝေမှုပါ အကြောင်းအရာမှ မည်သည့်အခွင့်အရေးမျှ မရနိုင်ပါ။ ဘာသာပြန်ရာတွင် အဓိပ္ပါယ်ကွဲပြားမှုများ ရှိပါက ဒတ်ချ်ဗားရှင်းသည် အတည်ဖြစ်ပါသည်။